**သတင်းထုတ်ပြန်ချက်**
သံလွင်ကာကွယ်ထိန်းသိမ်းရေးကွန်ယက်မှ
၂၀၁၅ ဩဂုတ်လ ၁၂ ရက်

**မွန် နှင့် ကရင် ပြည်နယ်တွင်းနေထိုင်သူများ သံလွင်ရေကာတာတည်ဆောက်ပါက ရေလွှမ်းမိုးမှုအန္တရာယ် ပိုမိုကြီးမားလာမည်ကို စိုးရိမ်ခြင်း။**

သံလွင်မြစ်ပေါ် ရေကာတာများတည်ဆောက်ရေးအစီအစဉ် နှင့် မြစ်အောက်ပိုင်းထိခိုက်နိုင်မှုများအပါအဝင် ရေလွှမ်းမိုးခြင်းကြောင့် ထိခိုက်ဆုံးရှုံးရသည့်အကြောင်းများကို လူအများသတိပြုမှုလာစေရန် သံလွင်ကာကွယ် ထိန်းသိမ်းရေးကွန်ယက်မှ ယနေ့ မွန်ပြည်နယ်၏မြို့တော်မော်လမြိုင်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ပါသည်။

မြန်မာနိုင်ငံတခြားရေလွှမ်းမိုးသည့်ဒေသနည်းတူ မွန် နှင့် ကရင်ပြည်နယ်သည်လည်း ရေဘေးအန္တရာယ်ကြီး ကြုံတွေ့ရပါသည်။ သံလွင်မြစ်ရေလျှံခြင်းကြောင့် (ဇူလိုင်လ ၁၈ ရက်မှ ဩဂုတ်လ ၅ ရက်) ကြားကာလတွင် ဘားအံဒေသတွင်း ရေလွှမ်းမိုးသဖြင့် လူပေါင်း ၆၃၀၀ ဦး၊ အိမ်ခြေပေါင်း ၁၂၀၀ အိုးအိမ်စွန့်ခွာကာ ဘေးကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြရသည်။

သံလွင်မြစ်ပေါ်တွင် ရေကာတာကြီး (၅) ခုတည်ဆောက်ရန် တရုတ်၊ ထိုင်း နှင့် မြန်မာကုမ္ပဏီများ စီစဉ်နေ ကြသည်။ လျှပ်စစ်မီးများကို အိမ်နီးချင်းနိုင်ငံများသို့ အဓိကသွယ်တန်းအသုံးပြုမည်ဖြစ်သည်။ လျှပ်စစ်ထွက်ရှိမှု ပမာဏသည် ရေကာတာမှရေလွှတ်ချခြင်းပေါ်တွင်မူတည်နေပြီး မိုးကြီးကြာမြင့်စွာရွာချပါက ရေကာတာက ရေအားကြန့်ခံနိုင်မှုသည်လည်း အကန့်အသတ်ကျော်လွန်ပါက ရေအလုံးအရင်းလွှတ်ချရပါသည်။ သံလွင် ရေတက်ချိန် မိုးသည်းထန်စွာရွာသွန်းချိန် ရေကာတာများမှရေလွှတ်ချချိန် တပြိုင်နက်တည်းဖြစ်ပါက မြစ်အောက်ပိုင်းတလျှောက် ရေနစ်သွားမည်ဖြစ်သည်။

" လက်ရှိဘားအံဒေသမှာ ပြည်သူလူထုထောင်နှင့်ချီ ရေဘေးဒုက္ခခံနေရတယ် သံလွင်မြစ်ပါထပ်ဆောက်လိုက် မယ်ဆိုရင် ရေလွှမ်းမိုးမှုဒဏ်ဘယ်လောက်တောင်ကြီးမားမယ်ဆိုတာ မတွေးဝံ့အောင် ကြောက်လန့်စရာပဲ" ဟု သံလွင်ကာကွယ်ထိန်းသိမ်းရေးကွန်ယက်မှ ပြောရေးဆိုခွင့်ရှိသူ ဘားအံမြို့တွင်းနေထိုင်သည့် စောသာဘိုး ကပြောကြားလိုက်သည်။

"ရေကာတာဆောက်ရင် ရေလွှမ်းမိုးမှုကို ကာကွယ်နိုင်တယ်လို့ လူတွေတော်တော်များများ နားလည်မှုလွဲမှား ကြတယ် အခြားနိုင်ငံမပြောနဲ့ အိမ်နီးနားချင်းထိုင်းနိုင်ငံ ရေလွှမ်းမိုးခံရတာကို မကြည့်ကြဘူး ၂၀၁၁ ခုနှစ် တုန်းက ကျောက်ဖရားမြစ်ပေါ်က ဆည်ကြီးများ ရေကြီးဒဏ်ကိုမထိန်းနိုင်လို့ မြစ်အောက်ပိုင်းက မြို့ရွာတွေ လနဲ့ချီရေနစ်မြုပ်ခဲ့တယ်" ဟု ပြောရေးဆိုခွင့်ရှိသူ စိုင်းခေးဆိုင် သံလွင်ကာကွယ်ထိန်းသိမ်းရေးကွန်ယက် ကပြောပါသည်။

မြစ်အောက်ပိုင်းနေဒေသခံလူထုများ အလွန်စိုးရိမ်ကြောက်လန့်စရာကောင်းသော နောက်ထပ်အရာတခုမှာ မြေငလျှင်လှုပ်ပါက အလွန်လေးလံများပြားသောရေအားပမာဏကို လှောင်ထားသည့်ဆည်တမံကြီး ကျိုးသွားပါက အားလုံးတခဏအတွင်း ရေနစ်မြုပ်သွားမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှမ်းပြည် မြောက်ပိုင်း သံလွင်မြစ်ပေါ်တွင်တည်ဆောက်မည့် ကွန်လုံရေကာတာသည် ကြီးမားသောငလျှင်ကြော ပေါ်တွင် တည်ရှိနေပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း သံလွင်မြစ်ပေါ်တွင်အကြီးမားဆုံးဖြစ်သည့် ၂၄၁ မီတာရှည် မိုင်းတုံရေကာတာ တည်ဆောက်နိုင်ရေးအတွက် SMEC ဩစတေးလျကုမ္ပဏီသည် EIA/SIA ကောက်ယူရန် (ဇူလိုင်လ ၁၃ ရက်) နေ့က မော်လမြိုင်မြို့နယ်အုပ်ချုပ်ရေးရုံးတွင် တံခါးပိတ်အစည်းအဝေးကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ မီဒီယာများ အရပ်ဖက်အဖွဲ့အစည်းများတက်ရောက်ခွင့်မရှိခဲ့ပါ။ SMEC ဩစတေးလျကုမ္ပဏီ တာဝန်ရှိဝန်ထမ်းများသည်များသောအားဖြင့် ရေကာတာ၏ကောင်းကျိုးကိုသာပြောကြားပြီး ရေကြီးရာတွင်အန္တရာယ်ရှိကြောင်း ပင်လယ်ဝနှင့်ဆက်စပ်သည့်မြစ်ဝကျွန်းပေါ်ဒေသတွင် ဆားငန်ရေများတက်ပြီး ၎င်းဒေသ၏လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးစေသည့်အကြောင်းများ နှင့် တံငါလုပ်ငန်းများထိခိုက်စေသောအကြောင်းများ ထုတ်ဖေါ်ပြောဆိုခြင်းမရှိပါ။

"ရေကာတာတည်ဆောက်သူတွေဟာ ကျွန်တော်တို့ပြည်သူလူထုတွေကို မထီမဲ့မြင်လစ်လျူရှုပြီး သူတို့လိုချင်တဲ့အတိုင်း အစည်းအဝေးလာလုပ်သွားတာပဲ ........ သံလွင်မြစ်ကြောင်းတလျှောက် သန်းနဲ့ချီပြီးနေထိုင်နေတဲ့ဒေသခံလူထုတွေရဲ့ ကံကြမ္မာကို ဒီတံခါးပိတ်အစည်းအဝေး တစ်ခုတည်းက ဆုံးဖြတ်ပေးလို့မရဘူး" ဟု မွန်ဒေသလုံးဆိုင်ရာဒီမိုကရေစီပါတီ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်နိုင်ဦး ကပြောပါသည်။

သံလွင်မြစ်ပေါ်တည်ဆောက်မည့် ရေကာတာများအားလုံး ချက်ချင်းရပ်တန့်ရန် သံလွင်ကာကွယ်ထိန်းသိမ်းရေးကွန်ယက်မှ အတိအလင်းသဘောထားထုတ်ပြန်ကြေငြာသည်။

ဒေသအသီးသီး၏အသေးစိတ်အချက်များသိရှိလိုပါက အောက်ပါအတိုင်းဆက်သွယ်မေးမြန်းနိုင်ပါသည် -

(၁) ဒေါက်တာအောင်နိုင်ဦး +95949803154

(၂) စောသာဘိုး +959791607890

(၃) ဥတ္တရာအောင် +959252171819

(၄) နန်းခမ်းနောင့် +959428367849

(၅) ဦးကြာဖက် +66861984832

(၆) စိုင်းခေးဆိုင် +66816722031